ဧကန်အမှန်ပင် အသင်တို့အနက် အကောင်းဆုံးသူသည်

ကိုယ်ကျင့်တရား အကောင်းဆုံးသူပင်ဖြစ်သည်။

အဗ်ဒုလ္လာဟ်ဗင်န် အမ်ရ်(ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ပြောကြားခဲ့သည်။
အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည်
နှုတ်လျှာကြမ်းတမ်းသူ မဟုတ်သလို စက်ဆုပ်ဖွယ်ရာများကို ပြောဆိုသူလည်း မဟုတ်ပေ။
ကိုယ်တော်က မိန့်ကြားလေ့ရှိသည်မှာ ဧကန်အမှန်ပင် အသင်တို့အနက် အကောင်းဆုံးသူသည်
ကိုယ်ကျင့်တရား အကောင်းဆုံးသူပင်ဖြစ်သည်။ [صحيح] [متفق عليه]

စက်ဆုပ်ဖွယ်ရာများကို ပြောဆိုခြင်း၊ မကောင်းသည့် လုပ်ရပ်ကို လုပ်ဆောင်ခြင်းသည်တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ ကိုယ်ကျင့်တရား မဟုတ်ပေ။ ကိုယ်တော်သည်ထိုကိစ္စများကို မရည်ရွယ်ဘဲ ပြုလုပ်ခဲ့ခြင်းမရှိသလိုတမင်ပြုလုပ်ခဲ့ခြင်းလည်းမရှိပေ။ ထို့ပြင် ကိုယ်တော်သည် ကြီးကျယ်လှသည့်အကျင့်စာရိတ္တပိုင်ရှင်ဖြစ်တော်မူသည်။ ကိုယ်တော်က မိန့်ကြားလေ့ရှိသည်မှာဧကန်အမှန်ပင် အသင်တို့အနက် အလ္လာဟ်အရှင်မြတ်ထံတော်တွင် အကောင်းဆုံးသူမှာကောင်းကျိုးဆောင်ရွက်ခြင်း၊ ပြုံးရွှင်ချိုသာသောမျက်နှာရှိခြင်း၊ကောင်းမွန်ချိုသာစွာ စကားပြောခြင်း၊ ဘေးဒုက္ခများကို ကာကွယ်ပေးခြင်၊ လူတို့နှင့်ကောင်းစွာဆက်ဆံခြင်းစသည့် အရည်အချင်းများနှင့် ပြည့်စုံသူ ကိုယ်ကျင့်တရားအကောင်းဆုံးသူပင်ဖြစ်သည်။

http://sunnah.global/hadeeth/my/show/5803